# အကြီးဆုံးမြေရှင်နအဖစစ်အစိုးရနဲ့ သူတို့ရဲ့ချစ်တီးလက်သစ်များ

“ခေါင်းတခါခါနှင့်ဆတ်လှစွာသော
လှလှစွေ့စွေ့ရယ်နှင့် ဝဝပြေ့ပြေ့နပြာတရှဉ်းကိုလ
ကျောင်းတကာကိုသာအပ်လိုက်ပေရော့”

ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အညာမင်္ဂလာဆောင်လေးချိုးကြီးထဲကဆိုတာ အားလုံးသိကြပါတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်မီကကိုလိုနီလက်ထက်၊ ဗမာပြည်ကလယ်သမားများရဲ့ဘဝကိုထောက်ပြထားတာပါ။ ဒါပေမဲ့အခုခေတ်လယ်သမားသရုပ်ကိုဖော်မယ်ဆိုရင်တော့ အထက်မှာပါတဲ့ ကျောင်းတကာဆိုတဲ့နေရာမှာ စစ်ဗိုလ်ကိုသာထည့်လိုက်ဖို့ရှိပါတော့တယ်။

တကယ်ကဗမာနိုင်ငံမှာ လယ်သမားတွေရဲ့ လယ်လုပ်သူလယ်ပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးဟာသာမာန်ကိစ္စမဟုတ်ပါဘူး။ အင်္ဂလိပ်ကိုလိုနီလက်ထက်ကစလို့ ဆရာစံအရေးတော်ပုံအပါအဝင် လယ်သမားတွေမျိုးဆက်နဲ့ချီ၊ သမိုင်းနဲ့ချီ တိုက်ပွဲဝင်ခဲ့ပြီးမှ အသိအမှတ်ပြုခံခဲ့ရတဲ့အခွင့်အရေးဖြစ်ပါတယ်။ မွေးရာပါအခွင့်အရေးပြဿနာလည်းဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင်ကာလတုန်းကပြည်ချစ်နိုင်ငံရေးအင်အားစုအားလုံးလိုလိုက လယ်လုပ်သူလယ်ပိုင်ရေးကြွေးကြော်သံကို တင်ခဲ့ကြပါတယ်။ အဲဒီအင်အားစုတွေဟာဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ တက်သန်တက်ကြွစွာပါဝင်ခဲ့ကြလို့ ဒုတိယကမ္ဘာစစ်နောက်ပိုင်းနိုင်ငံရေးမှာသူတို့တတွေ ဗမာပြည်နိုင်ငံရေးဇာတ်ခုံရဲ့ထိပ်ပိုင်းကိုရောက်လာကြပါတယ်။ မြေရှင်ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သူတွေ ဒီလိုရှေ့တန်းကိုရောက်လာ၊ ထိပ်ပိုင်းကိုရောက်လာတော့ မြေရှင်တွေနဲ့မြေရှင်စနစ်ဟာ ဒီကာလမှာခေါင်းလျှိုနေရတယ်ဆိုရင်မမှားပါဘူး။ ဒ့ါအပြင် ၁၉၄၈ခုနှစ်လွတ်လပ်ရေးရပြီးနောက်မှာလည်း လက်နက်ကိုင်တော်လှန်ကြတဲ့အင်အားစုတွေဟာ လယ်လုပ်သူလယ်ပိုင်ရေးကြွေးကြော်သံကိုထိပ်တန်းတင်တိုက်ပွဲဝင်ခဲ့ကြ၊ သူတို့ဩဇာလွှမ်းရာကျေးလက်ဒေသတွေမှာ မြေရှင့်မြေတွေသိမ်းပြီးဝေတာတွေလုပ်ခဲ့လို့ ဗမာပြည်မှာ မြေရှင်စနစ်ဟာအင်မတန်ကို ချိနဲ့သွားခဲ့ရပါတယ်။

ဒါပေမဲ့၁၉၆၂ခုနှစ်ကိုရောက်တော့ ဗိုလ်နေဝင်းတို့ရဲ့မဆလစစ်အုပ်စုဟာ “လယ်လုပ်သူလယ်လုပ်ပိုင်ခွင့်ရှိရေး”ဆိုတဲ့ စကားနဲ့လက်တလုံးခြားလုပ်ပြီး လယ်ယာမြေအားလုံးကို မြေပိုင်ရှင်တွေဆီကရော၊ လယ်သမားတွေဆီကပါ “နိုင်ငံတော်”အမည်ခံပြီး လုယူသွားခဲ့ပါတယ်။ နအဖစစ်အုပ်စုဟာဒီနေရာမှာတော့ ဗိုလ်နေဝင်းတို့ရဲ့မဆလအစိုးရနောက်က ဖဝါးခြေထပ်လိုက်ခဲ့ပါတယ်။ သူတို့ရဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ၊ ပုဒ်မ(၃၇)မှာ “နိုင်ငံတော်သည်မြေအားလုံး– – – – – – – – –၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်”လို့ ထည့်သွင်းထားပါတယ်။ ဒီနေရာမှာ ‘နိုင်ငံတော်’ဆိုတာနဲ့ပတ်သက်လို့ ပြောစရာရှိလာပါတယ်။ နိုင်ငံတော်ဆိုတာဘယ်သူလဲ။ တကယ်က နိုင်ငံတော်ဆိုတာက ဒြပ်မဲ့နာမ်(abstract noun) တခုဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ နိုင်ငံတော်ဆိုတာဟာနအဖအစိုးရလို့အဓိပ္ပာယ်ထွက်နေပါပြီ။ သူတို့ထင်သလိုလုပ်နေတာတွေကို နိုင်ငံတော်တံဆိပ်နှိပ်ပေးနေတာသာ ဖြစ်ပါတယ်။ ဒါကြောင့်အခုအခါမှာ နိုင်ငံတော်ဆိုတာ နအဖစစ်အုပ်စုဖြစ်တယ်၊ ဗိုလ်သန်းရွှေ ဖြစ်တယ်လို့တောင်ပြောရင်ရလောက်ပါတယ်။ မြေယာတွေကိုသူတို့ထင်သလို စီမံချယ်လှယ်တာကလည်းတကြောင်း၊ တိုင်းပြည်ရဲ့ စီးပွားရေးကို သူတို့လုပကိုင်ရာမှာကိုယ်ကျိုးစီးပွားကို အခြေခံတာကလည်းကြောင့်လည်းတကြောင်း၊ လယ်မြေတွေလက်လွှတ်ကုန်ရတဲ့ လယ်သမားတွေ များသထက်များ လာနေပါတယ်။

ကချင်ပြည်နယ်ကနေ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်ကနေ ရခိုင်ပြည်နယ်နဲ့ချင်းပြည်နယ်၊ ဗမာပြည်တနံတလျားမှာ လယ်သမားတွေလယ်မြေတွေအလုခံရ၊ ဆုံးရှုံးရတဲ့သတင်းတွေနေ့စဉ်မပြတ်ကြားနေရပါတယ်။ ဆုံးရှုံးတဲ့ကိန်းဂဏန်းကိုလည်းကြည့်ပါဦး။ တချို့နေရာများဆိုရင် လယ်မဲ့ယာမဲ့အရေအတွက်ဟာ ၅၀–၆၀%အထက်မှာတောင်ရှိနေပါတယ်။ ဒါဟာ စစ်မဖြစ်မီကိုလိုနီကာလကနှုန်းထားထက်မလျော့ပါဘူး။ မတိမ်းမယိမ်းပါ။ ဒ့ါအပြင် လယ်သမားတွေကြွေးလယ်ပင်းခိုက်နေတဲ့ အခြေအနေဟာလည်းကြောက်ခမန်းလိလိဖြစ်နေတာကို သတိမပြုပဲ မနေနိုင်ပါဘူး။

မဆလစစ်အစိုးရလက်ထက်တုန်းကတော့ ဆိုရှယ်လစ်စကားတွေပြော၊ သူများတွေရဲ့ဥစ္စာခနေတွေကို “ပြည်သူပိုင်သိမ်း”နေရတော့ ဗိုလ်နေဝင်းတို့ရဲ့စစ်အုပ်စုဟာ မြေယာကိုပုဂ္ဂလိကပိုင်မလုပ်ရဲပါဘူး။ ဒါပေမဲ့ဗိုလ်သန်းရွှေတို့လက်ထက်ကျတော့ ဈေးကွက်စီးပွားရေးလို့ပြောနေတာမို့ နိုင်ငံခြားသားတွေအပါ ငွေရှင်ကြေးရှင်တွေကိုသူတို့ကြိုက်သလိုလုပ်ပိုင်ခွင့်ချပေး၊ ကျေးလက်မှာဗိုလ်ကျရမ်းကားခွင့်ရတဲ့ သူတို့ရဲ့တပည့်သားမြေးတွေကထင်သလိုသိမ်းယူ၊ စစ်တပ်ကထင်သလိုသိမ်းယူ၊ တနိုင်ငံလုံးဖြောင်းဆန်နေတယ်လို့ပြောရမယ့်အခြေအနေဖြစ်ပါတယ်။ ဒ့ါအပြင်ကျေးလက်မှာ သူတို့ခန့်ထားတဲ့အာဏာပိုင်အမျိုးမျိုးဟာ အတိုးကြီးပေးရာကနေလယ်သမားတွေရဲ့မြေတွေကို အကြွေးအကြောင်းပြသိမ်းပြီး မြေရှင်တွေဖြစ်လာနေကြတာလည်း မနည်းပါဘူး။ နအဖမွေးထုတ်တဲ့ချစ်တီးလက်သစ်တွေပါ။ ပြည်တွင်းပြည်ပက လုပ်ငန်းရှင်တွေက လယ်ကေတွေရာနဲ့ချီပြီးသိမ်းယူတဲ့ဖြစ်ရပ်တိုင်းမှာ စစ်တပ်ထိပ်ပိုင်းတွေနဲ့တိုက်ရိုက်ပဲပတ်သက်နေပါတယ်။ အနည်းဆုံးတိုင်းမှူးဆိုသူကတော့ ‘ပွ’သွားတာပါပဲ။

ဆိုးတဲ့အချက်တခုက အဲဒီလိုစစ်တပ်တွေက၊ ကုမ္ပဏီကြီးတွေကလယ်ယာတွေသိမ်းသွားလို့ ကျေးလက်တွေမှာ စက်မှုလယ်ယာပေါ်မလာပဲ သီးစားချထားတဲ့စနစ်ပဲ ဆိုးဝါးပြင်းထန်လှတဲ့နှုန်းတွေနဲ့ ထွန်းကားလာတာပါပဲ။ တပ်ရင်းတွေကတောင်

လယ်သမားတွေရဲ့မြေတွေကို အနိုင်ကျင့်လုယက်ပြီး သီးစားပြန်ပေးတယ်လို့လည်း အံ့မခန်းကြားနေရပါတယ်။ ဒီလိုမြေယာလုယက်မှုတွေဟာ နအဖရဲ့၂၀၀၈ခုဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုလိုက်တဲ့အတွက်ပိုတောင်များလာ၊ ကြမ်းလာတယ်လို့ယူဆစရာရှိပါတယ်။ ဒါကြောင့် ဒီအခြေခံဥပဒေဟာ ဘယ်သူတွေကိုအကျိုးပြုတယ်ဆိုတာကို ဒီမြေရှင်သစ်တွေပေါ်ပေါက်မှုက အထင်ရှားဆုံးမြင်သာစေတယ်လို့ ဆိုရင်မမှားပါဘူး။ ဒီနေရာမှာ နအဖဟာ သူတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ သူတို့ရဲ့ခါးပိုက်ဆောင်တပ်နဲ့ ပတ်သက်လို့ကျတော့ အခန်းကြီးတခန်းသီးသန့်ဖွင့်ပြီး ပုဒ်မရှစ်ခုနဲ့ဖွင့်ဆိုထားပြီး အားလုံးရဲ့ထမင်းရှင်လယ်သမားများနဲ့ပတ်သက်လို့ကျတော့ ပုဒ်မ(၂၃)မှာအပိုဒ်တိုလေး နှစ်ပိုဒ်ပဲဖော်ပြထားဆိုတာထောက်ပြလိုပါတယ်။

အခုတော့ကျေးလက်တွေမှာ လူဦးရေတိုးတက်လာတဲ့အပြင် မြေမဲ့ယာမဲ့တွေပိုများလာတဲ့အတွက် အတည်တကျမရှိတဲ့အလုပ်လက်မဲ့တပ်ဖွဲ့ကြီးအဖြစ် စုစည်းမိလာနေပါတယ်။ ဒီအလုပ်လက်မဲ့တပ်ဖွဲ့ကြီးမှာ ပြည်ပကအလုပ်ပြုတ်ပြန်လာသူတွေထပ်တိုးလိုက်တော့ ဒီဂဏန်းဟာ ရောမဂဏန်းကြီးဖြစ်လာပါတယ်။ သူတို့ဟာပြည်တွင်းမှာလည်း ဟိုသွားဒီလှည့်အလုပ်ရှာကြ၊ ပြည်ပ–အထူးသဖြင့်အိမ်နီးနားချင်းတွေမှာ ဟိုစမ်းတိုး၊ ဒီရမ်းတိုး အလုပ်ရှာကြ၊ ဝမ်းမပြည့်၊ စိတ်မငြိမ်၊ဖြစ်နေကြတာတော့ အမှန်ပါပဲ။ ဒီကြားထဲမှာကမ္ဘာ့စီးပွားရေးအကြပ်အတည်းကလည်း မကျော်လွှန်နိုင်သေးဆိုတော့ အရေအတွက်ဟာပိုလို့သာများလာစရာ ရှိပါတယ်။ လယ်ယာကိုမှီခိုအသက်ရှင်သူအရေအတွက်ဟာ ဗမာပြည်လူဦးရေရဲ့ ၇၀%ကျော်လို့ သုတေသနပြုချက်များက ဆိုထားချက်နဲ့ဆက်စဉ်းစားလိုက်ရင် ဒီပြဿနာဘယ်မျှကြီးမားတယ်ဆိုတာ ရှင်းနေပါတယ်။

ဘာတွေဆက်ဖြစ်နိုင်တယ်ဆိုတာကို တွေးတတ်သူတိုင်း တွေးပူမိကြမှာပါ။

အခုတော့ဒီနိုင်ငံမှာ မြေအများစုကြီးဟာ နအဖစစ်ဗိုလ်တွေနဲ့ သူတို့အသိုင်းအဝိုင်းတွေဆီမှာ စုနေပါပြီ။ ဒါ့အပြင်သူတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းမှုကြောင့် နောင်မှာလည်းအများကြီး သူတို့လက်ထဲရောက်ဖို့ရှိနေပါသေးတယ်။ ဒါကြောင့်အခုအခါဗမာပြည်မှာ ဘယ်သူဟာ အကြီးဆုံးမြေရှင်လဲလို့မေးလာရင် နအဖစစ်အုပ်စုလို့ပဲပြောရတော့မှာပါ။

**ရဲဘော်ဖိုးသံချောင်း**